# Wordpress ကို အခမဲ့သုံးမယ်

ပြီးခဲ့တဲ့ရက်က ဘလော့  စိတ်ဝင်စားသူ ညီတယောက် wordpress ကို iblogger, byethost မှာသုံးတာ မြန်မာစာ မပေါ်ဘဲ ??? question mark တွေချည်း ပေါ်နေလို့ ဘယ်လို လုပ်ရမလဲ မေးပါတယ်။ ဟုတ်။ ကျနော်ကလည်း wordpress သုံးသာသုံးနေတာ။ အဲသလို စေ့စေ့ပေါက်ပေါက်တွေ မသိတော့ ... ကဲ ဟုတ်ပြီ ... ရှာစမ်း ဂူးဂဲလ်မှာ။

တွေ့ပြီဗျာ။ ...

မောင်သကြ်ာန် http://smsy.wordpress.com ရဲ့ How to install Wordpress စာအုပ်။
http://mmwordpress.com ရဲ့ Wordpress နဲ့ မြန်မာဖောင့် ပို့စ်။

ဒီနှစ်ခုနဲ့ အိုကေသွားပါတယ်။ အဲ ... ခုရေးတာက အပေါ်က ၂ ခုကို လက်တွေ့ ပြန်လုပ်ကြည့်ပြီး ပြန်ရေးတာ ဖြစ်ပါကြောင်း ... ။

(1)

www.byethost.com မှာ sign up လုပ်ပါ။




(2)

Form မှာ ဖြည့်ရမှာတွေ ဖြည့်ပြီး Register ကလစ်ပါ။



(3)

နောက်စာမျက်နှာမှာ Continue ဆိုလား ... တက်လာရင် ကလစ်လုပ်ပါ။

နောက်ထပ်စာမျက်နှာမှာ ဖော်ပြထားတဲ့ အရုပ်စာလုံးကို ရိုက်ထည့်ပြီး Register ကို ကလစ်ပါ။ (ပြထားတဲ့ အရုပ်မှာ space ပါသည်ဖြစ်စေ မပါသည်ဖြစ်စေ စာရိုက်ရာမှာ space မပါရပါ။)




(4)

နောက်ထပ် Continue တွေ့ရင် ကလစ်ပါ။
အရုပ်ဖော်ပြပြီး စာရိုက်ဖို့ ထပ်ပြောရင် ရိုက်ပြီးတော့ Register ကို ကလစ်ပါ။

ကိုယ့်ရဲ့ Account information စာမျက်နှာပေါ်လာပါမယ်။ အဲဒါတွေကို မှတ်ထားပါ။
အောက်ဆုံးနားမှာရှိတဲ့ Click here to log into your VistaPanel ကို ကလစ်လုပ်ပါ။

| Subscription To | Terms | Amount |
|---|---|---|
| Free Hosting Plan | $0.00 USD for each month | $0.00 USD |

| Control Panel | |
|---|---|
| Control panel user name | b3_3494552 |
| Control panel password | psnul0k |
| Control panel URL | http://panel.byethost.com |
| **Files and FTP Settings** | |
| FTP user name | b3_3494552 |
| FTP password | psnul0k |
| FTP host name | ftp.byethost3.com |
| **MySQL Settings** | |
| MySQL user | b3_3494552 |
| MySQL password | psnul0k |
| MySQL host | sql310.byethost3.com |
| MySQL port | 3306 |
| **Domain name** | |
| Your domain name | http://kyawsharawar.byethost3.com or http://www.kyawsharawar.byethost3.com |
| **Save your settings** | |
| Save a copy to your computer | Download my account settings |

(5)

MySQL database ကို ဖွင့်ပါ။



(6)

နှစ်သက်ရာ အမည်တခုပေးပြီး Create Database ကို ကလစ်ပါ။
Database Name ကို မှတ်ထားပါ။ (ကျနော့်ရတာက b3_2539421_zwekabin ဖြစ်ပါတယ်။)

(7)

Control Panel > Domain > Sub Domain ကို ကလစ်ပါ။




co.cc အတွက်ဆိုရင် အဆင့် (၇) Sub domain ယူတဲ့အစား Add on domain ယူပါ။ co.cc မှာ ကိုယ်ယူထားတဲ့ အမည်ဖြည့်ပါ (ဥပမာ zwekabin.co.cc)။

co.cc > Domain Setting > Set up ဖွင့်။ Name server မှာ ns1.byet.org, ns2.byet.org, ns3.byet.org စတာတွေ ထည့်ပေးပြီး Set up ကို ကလစ်ပါ။ နာရီအနည်းငယ် (24 နာရီခန့်) စောင့်ပြီးရင် စတင်အသုံးပြုနိုင်ပါပြီ။

(8)

Enter your sub domain name မှာ နှစ်သက်ရာထည့်ပြီး သူ့ဘေးက directory မှာ နှစ်သက်ရာ ရွေးပြီး Create Domain ကို ကလစ်ပါ။ (ကျနော်က zwekabin.iblogger.org ကို ရွေးလိုက်ပါတယ်။)



(9)

Control Panel > Software / Services > Fantastico type installer ကို ကလစ်ပါ။




(10)

zwekabin.iblogger.org ကို ရွေးပြီး Proceed ကို ကလစ်ပါ။




(11)

နောက်စာမျက်နှာမှာ Script Name အောက်မှာ ကိုယ်နှစ်သက်ရာ ဆော့ဝဲကို ရွေးချယ်နိုင်ပါတယ်။ ဥပမာ- Wordpress, Joomla စသဖြင့်ပါ။ ကျနော်ကတော့ Wordpress ကို ရွေးပါတယ်။



(12)

နောက်စာမျက်နှာမှာ Complete install ကို ကလစ်ပေးပါ။




(13)

Wordpress install လုပ်တာ ကျန်းမာရေး ကောင်းသွားပါပြီ။
Script installation URL က သင့် ဝဘ်ဆိုက်လိပ်စာပါ။ http://zwekabin.iblogger.org// သူ့ကို ကလစ်ပြီး ဝဘ်ဆိုက်ကို ဖွင့်ကြည့်နိုင်ပါပြီ။
Script Admin CP ကတော့ သင့် ဝဘ်စာမျက်နှာကို ပြင်ဖို့အတွက် wp-admin နေရာပါ။ http:/zwekabin.iblogger.org///wp-admin သူ့ကို ကလစ်ပြီး ပို့စ်တွေ စတင် ရေးသားနိုင်ပါပြီ။



## မြန်မာစာ မြင်ရဖို့

အဲ ... ဒီမှာ ပြဿနာ အကြီးကြီး တခုရှိတယ်။ သင့် ဝဘ်စာမျက်နှာမှာ မြန်မာဖောင့် မြင်ရမှာ မဟုတ်ပါဘူး။ မြန်မာလို ရေးသမျှတွေဟာ ??? question mark တွေချည်း ပေါ်ပါလိမ့်မယ်။ မြန်မာဖောင့်ကို ဘယ်လို assign လုပ်လုပ် ??? ဘဲ မြင်ရပါလိမ့်မယ်။

စိတ်ပျက်မသွားပါနဲ့ဦး။ ဖြေရှင်းလို့ ရပါတယ်။

(1) Control Panel > FTP Manager > File manager ကို ဖွင့်ပါ။




(2) zwekabin.iblogger.org ကို ဖွင့်ပါ။




(3)

htdocs ကို ဖွင့်ပါ။



(4)

wp-config.php ကို check လုပ်ပြီး Delete လုပ်ပါ။



(5)

ဖျက်မှာသေချာကြောင်း အမှတ်ကလေးကို ကလစ်ပေးပါ။




(6)

browser ကနေ http://zwekabin.iblogger.org/ ကို ဖွင့်ပါ။
Create a Configuration file ကို ကလစ်ပါ။



(7)

Let’s go ကို ကလစ်ပါ။

(8)

နောက်ပေါ်လာတဲ့ စာမျက်နှာမှာ

- Database Name
- User name
- Password
- Database Host တွေ ဖြည့်ပြီး Submit ကို ကလစ်ပါ။

Name, Host စတာတွေကို MySQL database မှာ သွားဖွင့်ကြည့်ပါ။ Password ကတော့  ကိုယ်ယခင်က ပေးခဲ့တဲ့ password ပါဘဲ။







(9)

Run the install ကို ကလစ်ပါ။



(10)

( ……….. ………….. ………….. ………….. ……….. ………. ………

အဆင့် (9) Run the install လုပ်ပြီး အခု အဆင့် (10) မှာလို ပေါ်မလာခဲ့ရင် Database အဟောင်းကို ဖျက်ပြီး အသစ်ပြန်လုပ်ဖို့လိုပါတယ်။

Control Panel > MySQL Database ကို ဖွင့်ပါ။ လက်ရှိ ရှိနေတဲ့ Database အဟောင်းတွေကို Remove Database ကို ကလစ်ပြီး ဖျက်ပစ်ပါ။

Database အသစ်တခု ပြန်လုပ်ယူပါ။ အဆင့် (1) ကနေ ပြန်စလုပ်ပါ။

……….. ………….. ………….. ………….. ……….. ………. ……… )

blog name, email ထည့်ပြီး Install Wordpress ကို ကလစ်ပါ။




(11)

ပေးလာတဲ့ Password ကို ကူးယူထားပါ။ Log in လုပ်ပါ။




(12)

User name – Admin, Password - A*uPPDjO3NFz ထည့်ပြီး Log In ကို ကလစ်ပါ။




(13)

ကဲ အခု Wordpress Dashboard ပွင့်လာပါပြီ။ ပုံမှာပြထားသလို စာနည်းနည်း ရိုက်ကြည့်ပြီး Publish ကို ကလစ်ပါ။




(14)

zwekabin.iblogger.org ကို ဖွင့်ကြည့်ပါ။ မြန်မာစာ ကျန်းမာရေးကောင်းစွာ မြင်ရတာကို တွေ့ရပါမယ်။



## နောက်ထပ် ဆက်လုပ်ရန်များ ...

သို့သော် ... သို့သော် ကျန်သေးသဗျ။ အောက်မှာ ဖော်ပြထားတာတွေကို ဆက်လုပ်ပေးပါဦး။ အရင်ကတည်းက လုပ်ပြီးခဲ့တယ်ဆိုရင်တော့ မလိုတော့ဘူးပေါ့လေ။ မလုပ်ရသေးရင် ခုလုပ်လိုက်ပါ။

**wp-admin Log In password**

http:/zwekabin.iblogger.org///wp-admin က တဆင့် wp-admin ဝင်လိုက်ပါ။ အပေါ်ထောင့်နား ရှိတဲ့ Admin ကို ဖွင့်ပါ။ First name, Last name, Email စတာတွေကို ဖြည့်ပါ။




အောက်ဆုံးနားမှာရှိတဲ့ New password နေရာမှာ ကိုယ်ထည့်သွင်းချင်တဲ့ password ထည့်သွင်းပြီး Update Profile ကို ကလစ်ပါ။ Password ပြောင်းပေးတာက သူ့နဂိုပေးတဲ့ password က မှတ်ရခက်လို့ ကိုယ်ကြိုက်တာကို ပြန်ပေးတာပါ။




**Myanmar Font Assign**

မြန်မာဖောင့်သုံးမယ်ဆိုရင် အဲဒီအတွက် Appearance > Editor > Stylesheet ဖွင့်ပါ။
Find (Control + F) လုပ်ပြီး Font လို့ ရိုက်ထည့် - Next ကို ကလစ်လုပ်သွား - Font / Font – Family စတာတွေရဲ့အနောက် font အမည်ပေါ်တဲ့နေရာတိုင်းမှာ အရှေ့ဆုံးကနေ Zawgyi-One ထည့်ပေးပါ။ ဥပမာ- font-family: Zawgyi-One, 'Lucida Grande', Verdana, Arial, Sans-Serif;။ ဖောင့်အမည် ရှိတဲ့ နေရာတိုင်းမှာ အဲသလို ထည့်ပေးရပါမယ်။

**Themes ပြောင်းဖို့**

Themes ဆိုတာကို blogspot, joomla တို့မှာက Template လို့ခေါ်ပါတယ်။ လက်ရှိ သုံးနေတဲ့ Theme ကို မကြိုက်တော့ရင် အသစ်ပြောင်းနိုင်ပါတယ်။ ဒါပေမယ့် Theme အသစ်ပြောင်းတိုင်း အဲဒီ Theme နဲ့ လိုက်ဖက်မယ့် ဒီဇိုင်းတွေ ပြန်စီစဉ်ရ၊ CSS တွေ ပြန်ပြင်ရနဲ့ ဆိုတော့ အလုပ်ရှုပ်ပါတယ်။ အဲ ... မဖြစ်မနေ ပြောင်းချင်တယ်ဆိုရင်တော့ google ကို ဖွင့်ပြီး wp themes လို့သာ ရှာလိုက်ပါ။ Theme ပေါင်း မြောက်များစွာ တွေ့ရပါလိမ့်မယ်။ ဖရီးတွေရော ဝယ်မှ သုံးလို့ရမှာတွေရောပေါ့။

ကိုယ်ကြိုက်တဲ့ Theme ကို ဒေါင်းလုတ်ဆွဲချ။
FTP ကနေတင်မယ်ဆိုရင် ဇစ်ဖြည်။ ဇစ်ဖြည်ပြီးတဲ့ ဖိုလ်ဒါ ကိုမှ wp-content/themes ဖိုလ်ဒါထဲ ထည့်ပေးရပါမယ်။

File Manager ကတင်မယ်ဆိုရင် ဇစ်ဖိုင်ကို wp-content/themes ဖိုလ်ဒါထဲ ထည့်ပါ။

wp-content/themes ထဲ ထည့်ပြီးသွားရင် Appearance > Themes ကို ဖွင့်ပြီး အသစ် ထည့်ထားတဲ့ Theme ကို ကလစ်၊ Activate လုပ်လိုက်ရင် Theme အသစ် ပြောင်းပြီး ဖြစ်သွားပါမယ်။

**Plug-ins**
plug-ins ကျတော့ themes တခုမှာ မူလက မရှိတဲ့ လုပ်ဆောင်ချက်တခုခုကို ထပ်ပေါင်း အားဖြည့်ပေးတဲ့ အရာပါ။ ဥပမာ- Featured Content Gallery plug-in လိုမျိုး။ WordTube လိုမျိုး။

ကိုယ်လိုတဲ့ plug-ins တွေကို ဒေါင်းလုတ်ယူ။
FTP ကနေတင်မယ်ဆိုရင် ဇစ်ဖြည်။ ဇစ်ဖြည်ပြီးတဲ့ ဖိုလ်ဒါ ကိုမှ wp-content/themes ဖိုလ်ဒါထဲ ထည့်ပေးရပါမယ်။

File Manager ကတင်မယ်ဆိုရင် ဇစ်ဖိုင်ကို wp-content/themes ဖိုလ်ဒါထဲ ထည့်ပါ။

ပြီးသွားတဲ့အခါ Plug-ins စာမျက်နှာကိုဖွင့်။ အသစ်ထည့်ထားတာကို Activate လုပ်ပြီးရင် သုံးလို့ရပါပြီ။ မသုံးချင်တော့ဘူးဆိုရင် Deactivate လုပ်ပေးပါ။

အသုံးဝင် အသုံးများတဲ့ plugin တွေကို မိတ်ဆက်ပေးပါမယ်။

1. visitor counter ကိုယ့် စာမျက်နှာကို လာရောက်သူ ဘယ်နှစ်ယောက်ဆိုတာ ရေတွက်ထားပေးဖို့
2. wp user online လက်ရှိအချိန်မှာ ဘယ်နှစ်ယောက် ရောက်ရှိနေလဲ ဖော်ပြဖို့
3. wordtube ဗီဒီယိုဖိုင် အသံဖိုင်တွေ ဖော်ပြဖို့
4. featured content gallery နောက်ဆုံးပို့စ်တွေရဲ့ ရုပ်ပုံ၊ စာပြည်း စတာတွေကို random ဖော်ပြဖို့
5. my page order စာမျက်နှာတွေ အစီအစဉ်ချတဲ့အခါ လွယ်ကူစေဖို့
6. popularity contest လာရောက်ဖတ်ရှုသူ အများဆုံး ပို့စ်တွေကို ဖော်ပြပေးဖို့
7. backup wordpress ပျက်စီးမှု ဖြစ်နိုင်ခြေကို ကာကွယ်ဖို့
8. contact form လာရောက်လည်ပတ်သူကနေ ဝဘ်စာမျက်နှာပိုင်ရှင်ထံ ဆက်သွယ်ဖို့
9. maxblogpress favicon ဝဘ်စာမျက်နှာရဲ့ ကိုယ်ပိုင်အမှတ်အသား (icon) ဖော်ပြဖို့
10. nextgen gallery ရုပ်ပုံ slideshow, random gallery စတာတွေ ဖော်ပြဖို့
11. share this ပို့စ်ကို လွယ်လွယ်ကူကူ share လုပ်ဖို့
12. video wiget ဗီဒီယိုဖိုင် ဖော်ပြဖို့
13. wp page navi စာမျက်နှာ နံပါတ်ဖော်ပြဖို့
14. wp print ပို့စ်ကို print ထုတ်ဖို့

**မောင်သကြ်န် http://smsy.wordpress.com ရဲ့ How to install Wordpress စာအုပ်။**
**http://mmwordpress.com ရဲ့ Wordpress နဲ့ မြန်မာဖောင့် ပို့စ် များကို မှီငြမ်းပါသည်။**